ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၄ ၊ အမှတ် ၆ | ၂၀၁၉ ခုနှစ် ၊ မတ်လ ၁ ရက်

## အမျိုးသားအဆင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးကော်မတီ အစည်းအဝေးကျင်းပ




ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက် (Trade Facilitation Agreement) ဆိုင်ရာ အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ၏ တတိယအကြိမ်မြောက် အစည်းအဝေးကို ၂၀၁၉ ခုနှစ် ၊ ဖေဖော်ဝါရီလ (၈) ရက်နေ့တွင် ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ၊ ဇေယျာသီဟခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် သဘောတူညီချက်အရ ဆောင်ရွက်ရမည့် Measure (ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး အစီအမံများ) ကို အကောင်အထည်ဖော်ရမည့် ခန့်မှန်းခုနှစ်များ ၊ အတည်ပြုရန်နှင့် အကောင်အထည်ဖော်ရန်အတွက် လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးအတည်ပြုကြပါသည်။

အဆိုပါ သဘောတူညီချက်ကို ၂၀၁၃ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများမှ ကုန်သွယ်ရေးဝန်ကြီးများ လက်မှတ်ရေးထိုးခဲ့သော ဘာလီကွန်ဖားရှင်း အခြေခံ၍ ဖြစ်ပေါ်လာသော ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက် (Trade Facilitation Agreement –TFA) အား မြန်မာနိုင်ငံက ၂၀၁၅ ခုနှစ် ၊ ဒီဇင်ဘာလတွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၇ ခုနှစ် ၊ ဇန်နဝါရီလတွင် တရားဝင်အကျိုးသက်ရောက်မှု ရှိခဲ့ပါသည်။

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌနှင့် ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ၊ ကော်မတီဝင်များနှင့် သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပါသည်။

# အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးနှင့် ကုန်ပစ္စည်းအတုအပခွဲခြားနည်း အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း



၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅) ရက်နေ့ နံနက် (၀၈:၃၀) နာရီ မှ (၁၇:၁၅) နာရီ ထိ အကောက်ခွန်သင်တန်းကျောင်းခန်းမတွင် ကျင်းပပြုလုပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးနှင့် ကုန်ပစ္စည်းအတုအပခွဲခြားနည်း အလုပ်ရုံဆွေးနွေးပွဲသို့ ဒုတိယညွှန်ကြားရေးမှူးချုပ် (၂) မှ တက်ရောက် အမှာစကားပြောကြားခဲ့ပါသည်။

ဆွေးနွေးပွဲကျင်းပခြင်းဖြင့် အကောက်ခွန်အရာရှိများအနေဖြင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်၏ အဓိပ္ပါယ်၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်၊ သုံးစွဲသူတို့အတွက် လုံခြုံစိတ်ချရသော ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်စေရန်နှင့် ပြည်တွင်းတီထွင်မှုစွမ်းရည်ကို ပိုမိုမြင့်တင်နိုင်စေရန်အတွက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် အကာအကွယ်ပေးရေး၏အရေးပါမှုနှင့် ကုန်ပစ္စည်းအတုအပအား မည်ကဲ့သို့ခွဲခြား စစ်ဆေးနိုင်ပုံတို့အား သိရှိနားလည်ပြီး လုပ်ငန်းခွင်တွင်ထိရောက်စွာ ပြန်လည်အသုံးပြုနိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပါသည်။

အဆိုပါဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ၊ IP Department မှ ဒုတိယညွှန်ကြားရေးမှူးချုပ် နှင့် ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (၂) နှင့် ညွှန်ကြားရေးမှူးများ ၊ အကောက်ခွန်အရာထမ်းများနှင့် Apple ၊ Honda ၊ Casio ၊ Panasonic ၊ Starbucks ၊ Mercedes Benz ၊ AMOREPACIFIC ၊ Media၊ Champagne ၊ Hyundai၊ Western Digital ၊ San Disk နှင့် Unilever တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါသည်။

# Operation Mekong Dragon အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခြင်း




ဗီယက်နမ်နိုင်ငံ ၊ ဒါနန်းမြို့တွင် ၂၀၁၉ ခုနှစ် ၊ ဖေဖော်ဝါရီလ (၂၇) ရက်နေ့မှ မတ်လ (၁) ရက်နေ့အထိ မဲခေါင်ဒေသနိုင်ငံများ၏ တရားမဝင်မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှု သတင်းအချက်အလက်များ၊ ကြုံတွေ့ရသော အတွေ့အကြုံများ ၊ အခက်အခဲများနှင့် စိန်ခေါ်မှုများ ၊ Operation Mekong Dragon အား Operation Mekong Dragon AP အဖြစ်ချဲ့ထွင်၍ ဆောင်ရွက်ရန် အဆိုပြုချက်အား တက်ရောက်ခဲ့သည့် အဖွဲ့ဝင်နိုင်ငံများမှ သဘောတူညီချက်ကို ဖော်ထုတ်နိုင်ရန် ရည်ရွယ်၍ Operation Mekong Dragon ဆွေးနွေးကျင်းပခဲ့ရာ အဆိုပါဆွေးနွေးပွဲသို့ အကောက်ခွန်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယဉ်မျိုးမင်းနှင့် အဖွဲ့တက်ရောက်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ် ၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၈၇၀.၃၂၂) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီလ (၁) ရက်နေ့ မှ (၂၈) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှု မှာ (၂၆၄) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၂၈၇၀.၃၂၂) သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်






လေဆိပ်တားဆီးမှုအနေဖြင့် (၂) မှု ရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၂) သန်းရှိသည့်အနက် ၁၇-၂-၂၀၁၉ ရက်နေ့တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် (ပြည်ပဆိုက်ရောက်) ၌ လေယာဉ် ခရီးစဉ်အမှတ် KA-252, SF-2425 ဖြင့် ဟောင်ကောင်မြို့မှ ရန်ကုန်စာတိုက်သို့ပေးပို့လာသည့် Mail No.19 (9.3) kg နှင့်(6.1) kg ကဒ်ထူပုံး (၂) ပုံးအား X-Ray Suspect ဖြစ်သဖြင့် (၁၈-၂-၂၀၁၉) ရက်နေ့တွင် အဖွဲ့စုံဖြင့် စစ်ဆေးခဲ့ရာ စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသော Tippmann Bravo One (C/O USA) - 1 U၊ Project Salvo (C/O USA) -1U၊ Tippmann Cronus (C/O China) - 3 U၊ Total Items 5 U (2 Pkgs) ၊ ခန့်မှန်းတန်ဖိုးကျပ် (၁) သန်းအား တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ် ၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၈၇၀.၃၂၂) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးခြင်း






ဆိပ်ကမ်း တားဆီးမှုအနေဖြင့် ၆-၂-၂၀၁၉ ရက်နေ့တွင် United Glaxy Public Co.,Ltd မှ တင်သွင်းလာသော Used Freezers , Used Panneal Box, Used Wire Clamp , Used Welding Box,Used Wire Feeder,Use Air Compressor (အဟောင်းများ) Total (38)U အား အကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ ID/IL တွင်ကြေညာထားသည်နှင့် ကိုက်ညီမှုမရှိသဖြင့် ခန့်မှန်းတန်ဖိုးကျပ် (၁.၅၇၂) သန်းခန့်အားတားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ် ၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၈၇၀.၃၂၂) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

## နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း





နယ်မြေတားဆီးမှုအနေဖြင့် (၂၆၁) မှု ရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၂၈၆၆.၇၅၀) သန်းရှိသည့်အနက် ၈-၂-၂၀၁၉ ရက်နေ့တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် TOYOTA Wish ယာဉ် (၂) စီးပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်း (၁၃၂၂) ကီလို၊ ပိတောက်ခွဲသား (၁.၄၆၈၈) တန် နှင့် ပစ္စည်း သယ်ဆောင်သည့်ယာဉ် (၂) စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၇၇.၅၀၆) သန်းအား စစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ် ၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၈၇၀.၃၂၂) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

## ထူးခြားဖမ်းဆီးမှု



ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၀-၂-၂၀၁၉ ရက်နေ့တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် Power-5 ခရီးသည်တင်ယာဉ် (၁) စီးပေါ်တွင် လိုက်ပါစီးနင်းလာသော ခရီးသည် (၃) ဦးထံမှ ဘိန်းဖြူမှုန့်ဟု ယူဆရသည့် ဖြူ/ဝါရောင် အမှုန့် (၁၀ ဂရမ်)ပါ ဆပ်ပြာခွက် (၃၃၀)ခွက် နှင့် ၈၈/၁ အမှတ်တံဆိပ်ပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား (၇) ထုပ် (၁ထုပ်လျှင် ၆၀၀၀ ပြားခန့်) ၊ ခန့်မှန်းတန်ဖိုးကျပ် (၁၄၆.၇) သန်းအား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ် ၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်း တန်ဖိုးကျပ် (၂၈၇၀.၃၂၂) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

## ထူးခြားဖမ်းဆီးမှု




ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၁-၂-၂၀၁၉ ရက်နေ့တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ခရီးသည်တင် မော်တော်ယာဉ် (၁) စီးပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးဆေးဝါးများ၊ ခန့်မှန်း တန်ဖိုးကျပ် (၅၆.၅၂၅) သန်း အားစစ်ဆေး တွေ့ရှိ၍ဖမ်းဆီးခဲ့ပါသည်။

# မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ ဖေဖော်ဝါရီလအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | ၃ မှု | ၃ မှု | ၂၇.၈၅၀ သန်း |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၁၁ မှု | ၁၁ မှု | ၁၈.၅၃၇ သန်း |
| | စုစုပေါင်း | - | ၁၄ မှု | ၁၄ မှု | ၄၆.၃၈၇ သန်း |


အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း (၁-၄-၂၀၁၈) ရက်နေ့ မှ (၂၈-၂-၂၀၁၉) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၁၉၉) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း (၁၈၂၉.၂၁၇) သန်း အား တားဆီးခဲ့ပြီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

# ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီး ထုခွဲအဆင့် လူသုံးကုန်ပစ္စည်းများအား လေလံစနစ်ဖြင့် ရောင်းချခြင်း




စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော လူသုံးကုန်ပစ္စည်း၊ ကားအပိုပစ္စည်း နှင့် လျှပ်စစ်ပစ္စည်းများအား (၁၈-၂-၂၀၁၉) ရက်နေ့ နံနက် (၁၀:၀၀) နာရီ အချိန်တွင် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၌ ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦး မှ ဥက္ကဋ္ဌအဖြစ် ပါဝင်သော လေလံတင်ရောင်းချရေးအဖွဲ့ဖြင့် စုစုပေါင်း လေလံအုပ်စု (၇) စု အား လေလံ တင်ရောင်းချခဲ့ပြီး လေလံအုပ်စု (၃) စု လေလံတင်ရောင်းချနိုင်ခဲ့ရာ နိုင်ငံတော် ဘဏ္ဍာငွေ စုစုပေါင်းကျပ် (၁၄၂.၉) သန်းရရှိခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ




Electric Motor များ တင်သွင်းရာ၌ လိုင်စင်လို/ မလိုနှင့် Duty Rate အားမေးမြန်းရာ လိုင်စင်လိုအပ်ကြောင်း ၊ အကောက်ခွန် 3% ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။



Pellet Machine (ကြက်စာတောင့် ထုတ်စက်) များ တင်သွင်းရာ၌ လိုင်စင်လို/ မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနထောက်ခံချက်ပါရှိပါက လိုင်စင်မလိုအပ်ကြောင်း ဖြေကြားခဲ့ပါသည်။




Concrete Mixer များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အား မေးမြန်းရာ HS Code မှာ 8474.31.10 ဖြစ်ပြီး အကောက်ခွန် 3% ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။



Cosmetics များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Heading မှာ 33.04 ဖြစ်ပြီး အကောက်ခွန် 30% ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။